ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**ပြည်ထောင်စုဝန်ကြီးရုံး(ရုံးအမှတ်-၁၉)၊မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**

**ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း**

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး (ရုံးအမှတ်-၁၉)နှင့်မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းတို့တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ အမှုထမ်းရာထူး(၅) နေရာအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်ပါသည်-

| စဉ် | ရာထူး/လစာနှုန်း | ရာထူးနေရာ | အနိမ့်ဆုံးပညာ အရည်အချင်း |
|---|---|---|---|
| ( က ) | သန့်ရှင်းရေးအကူ (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ( ၁)နေရာ | မြန်မာစာကိုကောင်းစွာ ရေးဖတ်တတ်ရမည်။ |
| ( ခ ) | စာရင်းကိုင်(၄) (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ( ၄)နေရာ | ဘွဲ့တစ်ခုခုရရှိသူ |

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူများသည် -

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်၊

( ခ ) စာပိုဒ်(၁)(က)ပါ ရာထူးလျှောက်ထားသူသည် အသက်(၄၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်၊

( ဂ ) စာပိုဒ်(၁)(ခ)ပါ ရာထူးနေရာလျှောက်ထားသူသည် ၂၀၂၄ခုနှစ်၊ ဇူလိုင်လ(၃၁)ရက်နေ့၌ အသက်(၁၈)နှစ်ပြည့်ပြီး၊အသက်(၃၀)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။ ဝန်ထမ်းဖြစ်ပါကအသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ပြီး၊လက်ရှိဌာန၏ခွင့်ပြုချက်မူရင်းပါရှိရမည်၊ လုပ်ငန်းသဘာဝအရ အမျိုးသားများ၊မဟာဘွဲ့ရရှိသူများကို အသက်ကန့်သတ်ချက် အားဖြေလျှော့ပေးမည်၊ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်သူများ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများကို ဦးစားပေးမည်၊

(ဃ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊

( င ) ဌာနတွင်အနည်းဆုံးလုပ်သက် တစ်ဆက်တည်း(၃)နှစ် တာဝန်ထမ်းဆောင်ရန် ဝန်ခံကတိပြု လက်မှတ်ရေးထိုးရမည်၊

(စ) ရွေးချယ်ခန့်အပ်ခြင်းခံရပါက နေရာဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်၊

(ဆ) အခြားဝန်ထမ်းအဖွဲ့အစည်းများမှ လျှောက်ထားသူများသည် သက်ဆိုင်ရာဝန်ကြီးဌာနနှင့်အဖွဲ့အစည်းအကြီးအမှူး၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်၊

(ဇ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှထုတ်ပယ် (Removal)ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်လွှာတွင် အောက်ဖော်ပြပါအချက်များကို ပြည့်စုံစွာဖော်ပြရမည်-

(က) အမည်၊

(ခ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊

(ဂ) မွေးသက္ကရာဇ်၊အသက်၊

(ဃ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ၊

(င) ပညာအရည်အချင်း၊ အောင်မြင်သည့်ခုနှစ်နှင့်အောင်မြင်ခဲ့သည့်ကျောင်း၊တက္ကသိုလ်၊

(စ) လျှောက်ထားလိုသည့်ရာထူး၊

(ဆ) မိဘအမည် ၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့်၎င်းတို့၏အလုပ်အကိုင်၊

(ဇ) ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်နှင့်ဌာန၊

(ဈ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ်၊

(ည) ဆက်သွယ်ရန် နေရပ်လိပ်စာအပြည့်အစုံ၊ဖုန်းနံပါတ်နှင့် E-mail ။

၄။ လျှောက်လွှာနှင့်အတူ သက်ဆိုင်ရာ ရာထူးအလိုက် လိုအပ်သည့် အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-

(က) ဘွဲ့လက်မှတ်မိတ္တူ၊တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)၊

(စာရင်းကိုင်(၄)ရာထူးအတွက်သာ)

(ခ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)၊

(ဂ) လျှောက်လွှာပိတ်ရက်မတိုင်မီ(၁)လအတွင်းရယူထားသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်မူရင်း၊

(ဃ) သက်ဆိုင်ရာရဲစခန်းမှ(၁)လအတွင်းရယူထားသည့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း၊

(င) အလုပ်သမားမှတ်ပုံတင်ကတ်မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)၊

(စ) (၁)လအတွင်း ရိုက်ကူးထားသည့် ပတ်စ်ပို့အရွယ် ကာလာဓာတ်ပုံ(၃)ပုံ (ဓာတ်ပုံနောက်ကျောတွင်အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)

(ဆ) အခြားကျွမ်းကျင်မှုနှင့် လုပ်ငန်းအတွေ့အကြုံရှိပါက ခိုင်လုံသောအထောက်အထားမိတ္တူများ၊

(ဇ) သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ(၁)လအတွင်း ရယူထားသော ကျန်းမာကြောင်းဆေးထောက်ခံချက်မူရင်း၊

(ဈ) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)။

၅။ စာပိုဒ်(၁)(က)ပါ ရာထူးလျှောက်ထားလိုသူများသည် လျှောက်လွှာပုံစံနှင့်အတူ ပြည်ထောင်စုဝန်ကြီးရုံး(ရုံးအမှတ်-၁၉)တွင် (၈.၁၁.၂၀၂၄)ရက်နေ့ ရုံးချိန်အရောက်နောက်ဆုံးထားပေးပို့လျှောက်ထားရပါမည်။

၆။ စာပိုဒ်(၁)(က)ပါရာထူးလျှောက်ထားသူများကိုပြည်ထောင်စုဝန်ကြီးရုံး(ရုံးအမှတ်-၁၉)၌ (၁၄.၁၁.၂၀၂၄)ရက်နေ့တွင် လူတွေ့နှုတ်ဖြေစစ်ဆေးမည်ဖြစ်ပါသည်။

၇။ စာပိုဒ်(၁)(ခ)ပါ ရာထူးလျှောက်ထားလိုသူများသည် လျှောက်လွှာပုံစံများအား မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း www.mge.gov.mm တွင် ရယူနိုင်ပြီး လျှောက်လွှာများကို **“ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ရာဇသင်္ဂဟလမ်း၊သပြေကုန်းအဝိုင်းအနီး၊နေပြည်တော်”**ဟု လိပ်မူ၍ လူကိုယ်တိုင်(သို့မဟုတ်) အမြန်ချောပို့ (သို့မဟုတ်) mgdmnnaypyitaw@gmail.com သို့ (၁၄.၁၁.၂၀၂၄)ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထားပေးပို့ လျှောက်ထားရပါမည်။

၈။ စာပိုဒ်(၁)(ခ)ပါ ရာထူးလျှောက်ထားလိုသူများသည် နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လျှောက်လွှာပုံစံ(၁)စုံအား သက်ဆိုင်ရာဝန်ကြီးဌာန/ အဖွဲ့အစည်း၏ခွင့်ပြုချက်ဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ ပေးပို့လျှောက်ထားရမည်။

၉။ စာပိုဒ်(၁)(ခ)ပါ ရာထူးလျှောက်ထားသူများသည် ဖြေဆိုခွင့်ရရှိသူအမည်စာရင်းနှင့် ခုံအမှတ်တို့ကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ၊ www.mge.gov.mm နှင့် ဌာနကြော်ငြာသင်ပုန်းတွင် ကြေညာပေးထားမည်ဖြစ်သည်။

၁၀။ စာပိုဒ်(၁)(ခ)ပါရာထူးလျှောက်ထားသူများသည် မြန်မာစာ၊ အင်္ဂလိပ်စာမေးခွန်းများကို (၁၄.၁၂.၂၀၂၄)ရက်နေ့၊ နံနက်(၀၉:၀၀)နာရီမှ နေ့လယ်(၁၄:၃၀) နာရီထိ ရေးဖြေစာမေးပွဲ စစ်ဆေးမည်ဖြစ်ပြီး၊ ရေးဖြေစာမေးပွဲအောင်မြင်သူကိုသာ လူတွေ့စစ်ဆေးမှု ပြုလုပ်မည်ဖြစ်ပါသည်။

၁၁။ ဖြေဆိုခွင့်ကတ်ပြားများကို (၂၆.၁၁.၂၀၂၄) ရက်နေ့၌ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ စီမံဌာနတွင် ရုံးချိန်အတွင်းလူကိုယ်တိုင်လာရောက်ထုတ်ယူရမည် ဖြစ်ပါသည်။

၁၂။ သတ်မှတ်ရက်ထက် နောက်ကျမှရောက်လာသော လျှောက်လွှာများ၊ အရည်အချင်း သတ်မှတ်ချက်နှင့်မကိုက်ညီသူများ ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ အထောက်အထား မပြည့်စုံသောလျှောက်လွှာများ ၊ မှားယွင်းဖြည့်သွင်းထားသော လျှောက်လွှာများအား ပယ်ဖျက်ပါမည်။

၁၃။ ရေးဖြေစာမေးပွဲဖြေဆိုရာတွင် နိုင်ငံသားစိစစ်ရေးကတ်မူရင်း ၊တက္ကသိုလ်ဝင်တန်းအောင် လက်မှတ်(မူရင်း)၊ ဘွဲ့လက်မှတ်(မူရင်း)များ ပါရှိရမည်ဖြစ်ပြီး၊ မပါရှိပါက စာမေးပွဲဖြေဆိုခွင့် ရမည်မဟုတ်ပါ။

၁၄။ အသေးစိတ်သိလိုပါက တယ်လီဖုန်းအမှတ်၊ ၀၆၇ – ၃၄၀၉၃၈၆၊ ၀၆၇ – ၃၄၁၄၈၁၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ပြည်ထောင်စုဝန်ကြီးရုံး(ရုံးအမှတ်–၁၉)၊**
**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**
**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**